# ဂျက်ဖရီအာချာ
# JEFFREY ARCHER

ဂျက်ဖရီအာချာသည် ကမ္ဘာတစ်ဝန်း အရောင်းရဆုံး စာရင်းဝင်ဝတ္ထု ၁၀ အုပ် ရေးသားခဲ့သော စာရေးဆရာကြီး ဖြစ်သည်။ သူ၏ ပထမဆုံးဝတ္ထု Not a Penny More, Not a Penny Less မှာ ချက်ချင်းအောင်မြင်မှု ရရှိခဲ့သည်။ ထို့နောက် လျှို့ဝှက်သည်းဖိုဝတ္ထု Shall We Tell President ? နှင့် အလွန့်အလွန် ရောင်းကောင်းသော ဝတ္ထု Kane and Abel ကို ဆက်လက်ရေးသားထုတ်ဝေသည်။ သူ၏ ပထမဆုံး ဝတ္ထုတိုစုစည်းမှုစာအုပ် A Quiver Full of Arrows ထွက်ပြီးနောက် Kane and Abel ၏ အဆက်ဖြစ်သော The Prodigal Daughter ကို ရေးသားထုတ်ဝေသည်။ ထို့နောက် First Among Equals နှင့် ဝတ္ထုတိုပေါင်းချုပ် A Twist in the Tale တို့ကို ထပ်မံထုတ်ဝေကာ As The Crow Flies, Honour Among Thieves, The Fourth Estate နှင့် The Eleven Commandment တို့ကို ဆက်လက်ရေးသား ထုတ်ဝေသည်။ သူ၏ တတိယမြောက် ဝတ္ထုတိုပေါင်းချုပ်မှာ Twelve Red Herrings ဖြစ်ပြီး ၁၉၉၇ ခုနှစ်တွင် စတုတ္ထမြောက်ဝတ္ထုတို ပေါင်းချုပ် စာအုပ် To Cut A Long Story Short ကို ထုတ်ဝေခဲ့သည်။



၁၉၄၀ ပြည့်နှစ်ဖွား ဂျက်ဖရီအာချာသည် အင်္ဂလန်နိုင်ငံ ဆမ်းမားဆက်မြို့၊ ဝယ်လင်တန်ကျောင်းနှင့် အောက်စ်ဖို့ဒ်မြို့၊ ဘရာ့စ်နို့စ်ကောလိပ်တို့တွင် ပညာဆည်းပူးခဲ့သည်။ ၁၉၆၉ ခုနှစ်၌ 'လောက်' (Louth ) မြို့နယ် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲအနိုင်ရ၍ ဗြိတိန်အောက်လွှတ်တော်အမတ် ဖြစ်လာသည်။ ၁၉၇၄ ခုနှစ်တွင် သူ၏ ပထမဆုံး ဝတ္ထု Not a Penny More. Not a Penny Less ကို ရေးသားသည်။ ၁၉၈၅ ခုနှစ် စက်တင်ဘာလမှ ၁၉၈၆ ခုနှစ် အောက်တိုဘာလအထိ ကွန်ဆာဗေးတစ်ပါတီ ဒု-ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရပြီး ၁၉၉၂ ခုနှစ်က ဘုရင်မကြီးမွေးနေ့၌ Life Peer ဘွဲ့ ချီးမြှင့်ခံရသည်။ ၎င်းသည် လန်ဒန်နှင့် ကိန်းဘရစ်ဂျ်မြို့တွင် ဇနီး၊ သားနှစ်ယောက်တို့နှင့်အတူ နေထိုင်လျက်ရှိသည်။

Twelve Red Herrings စာအုပ်မှ ဝတ္ထုတိုများကို ရွေးချယ်ပြန်ဆို၍ 'နောက်ဆုံးပေါ်လိမ်နည်းနှင့် ဂျက်ဖရီအာချာ လက်ရွေးစင်ဝတ္ထုများ' အမည်ဖြင့် ၂၀၀၄ ခုနှစ်တွင် ထုတ်ဝေခဲ့ပြီး ဖြစ်သည်။ "မြင်မြင်ချင်းပဲ ချစ်မိတယ်နှင့် အခြားဝတ္ထုတိုများ" တွင် ပါဝင်သော ဝတ္ထုတို ၁၀ ပုဒ်မှာ To Cut A Long Story Short စာအုပ်မှဖြစ်ပြီး "အသက်ရှင်နေသမျှ နောင်တရစရာ မလို" (You'll Never Live to Regret it ) တစ်ပုဒ်မှာ Twelve Red Herrings စာအုပ်မှ ဖြစ်ပါသည်။

မှတ်ချက် ။ ။ "နောက်ဆုံးပေါ်လိမ်နည်း" စာအုပ်တွင် "အဖော်မွန်" ဝတ္ထုတိုမှအပ ကျန်ဝတ္ထုတို ခုနစ်ပုဒ်စလုံးမှာ ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့စဉ်က မည်သည့်မဂ္ဂဇင်းမှာမှ ပုံနှိပ်ဖော်ပြ ခဲ့ဖူးခြင်းမရှိသေးသော ဝတ္ထုတို (အသစ်) များ ဖြစ်ကြပါသည်။

ယခု ၎င်းစာအုပ်နှစ်အုပ်ကို ပေါင်း၍ထုတ်ဝေရာ၌ I con မဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့် ဝတ္ထုတိုတစ်ပုဒ်ကိုပါ ထပ်မံဖြည့်စွက် ဖော်ပြပေးလိုက်ပါသည်။

ဘာသာပြန်သူ

❐

# မာတိကာ


၁။ ကမောက်ကမ ဖြစ်သွားသော လုပ်ရိုးလုပ်စဉ်များ
BROKEN ROUTINE ၁
၂။ သေမင်းပြောတဲ့စကား
DEATH SPEAKS ၁၂
၃။ မြင်မြင်ချင်းပဲ ချစ်မိတယ်
LOVE AT FIRST SIGHT ၁၄
၄။ လဲလျောင်းနေသော မိန်းမ
THE RECLINING WOMAN ၁၉
၅။ မေ့မရနိုင်စရာ ထိုနှစ်ရက်တာ
A WEEKEND TO REMEMBER ၂၉
၆။ အသက်ရှင်နေသမျှ နောင်တရစရာမလို
YOU'LL NEVER LIVE TO REGRET IT ၅၀
၇။ မြေဖြူနှင့် ဒိန်ခဲ
CHALK & CHEESE ၇၀
၈။ မြေစာပင်
BOTH SIDES AGAINST THE MIDDLE ၉၄
၉။ တိုက်ဆိုင်မှုပေါင်းများစွာ
TOO MANY COINCIDENCES ၁၀၉
၁၀။ ပြောင်းလဲသွားသော အသည်းနှလုံး
A CHANGE OF HEART ၁၅၅
၁၁။ ပါရဂူသက်သေ
THE EXPERT WITNESS ၁၇၀
၁၂။ အဖော်မွန်
JUST GOOD FRIENDS ၁၈၇
၁၃။ မမြင်ကွယ်ရာ
AN EYE FOR AN EYE ၁၉၇
၁၄။ ဆွမ်းခံရင်းငှက်သင့်ခြင်း
DO NOT PASS GO ၂၀၅
၁၅။ တစ်ဝက်ဈေး
CHEAP AS HALF THE PRICE ၂၃၇
၁၆။ နောက်ဆုံးပေါ်လိမ်နည်း
SOMETHING FOR NOTHING ၂၅၀
၁၇။ အဖေ့စကားနားထောင်မိလို့
TIMEO DANAOS ၂၇၃
၁၈။ အဝေးပြေးလမ်းပေါ်မှာ
NEVER STOP ON THE MOTORWAY ၂၉၃
၁၉။ ရောင်းရန်မဟုတ်
NOT FOR SALE ၃၁၃


❐